# ဗမာပြည်လွတ်မြောက်ရန်အရေးတိုက်ပွဲဝင်နေသော အောင်ဆန်းစုကြည်

**Diane Raub**
**Standford Review**
22 October 2005

**အောင်ဆန်းစုကြည်ကိုနေအိမ်တွင်အကျယ်ချုပ်ဖမ်းဆီးထားခြင်းဖြင့်မြန်မာပြည် ဒီမိုကရေစီ အင်အားစုများကိုဖိနှိပ်ထားသောစစ်အစိုးရကမြန်မာပြည်သားတို့လိုလားတောင့်တကြသောဒီမိုကရေစီလွတ်လပ်ရေးကိုပေးမည့် အရိပ်အရောင်မရှိသေးပေ။အမျိုးသားညီလာခံကိုကျင်းပရန်ရှိသော်လည်းရေရာသောကတိစကားများကိုမကြားကြရသေးပါ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှအရေးယူဆောင်ရွက်ပေးရန်တင်ပြချက်မှာလည်းဗီတိုအာဏာဖြင့်ပယ်ချခံရခြင်းများရှိနေသည် စုကြည်နှင့်ဒီမိုကရေစီအင်အားစုအဖို့မိမိဖါသာနည်းလမ်းရှာကြံ၍တိုက်ပွဲဝင်သွားကြရမည်ဖြစ်ပေသည်။**

ယနေ့ဂျော့ဘွတ်ရှ်နှင့်ကွန်ဒိုလီဇာရိုက်စ်တို့အကောင်အထည်ဖေါ်လျက်ရှိနေသော နိုင်ငံခြားရေးမူဝါဒသည် လွတ်လပ်သောဒီမိုကရေစီလူ့ဘောင်တွင်နေထိုင်နိုင်ခွင့်ကိုအသားပေးလျက်ရှိပေသည်။ အမေရိကန် ပြည်ထောင်စုမှ ၄င်းမူဝါဒ ကို စံပြအဖြစ်ဆောင်ရွက်နိုင်ရေးအတွက်ငွေကြေးသြဇာ အာဏာနှင့် အသက်ပေါင်း များ စွာကို ရင်း၍ တက်တက်ကြွကြွ မြှင့်တင် ဆောင်ရွက်လျက်လည်း ရှိနေပေသည်။ ၁၇၈၇ ခုနှစ်တွင်သောမတ်စ်ဂျက်ဖာဆန်သည် သူ့၏နိုင်ငံတွင် ဒီမိုကရေစီစနစ် ထူထောင်နိုင်ရေးအတွက်အသက်ကိုပဝါနမထားပဲ စွန့်လွှတ် စွန့်စားခဲ့ပြီးနောက်ယခုလို မှတ်ချက် ချခဲ့ဘူးပါသည်၊ "လွတ်လပ်ရေးသစ်ပင်ကြီးသည် မျိုးချစ်သူရဲကောင်းများနှင့်အာဏာရှင်တို့၏သွေးများဖြင့် အမြဲလိုရှင်သန်အောင်သွေးသစ်လောင်းပေးရမည်" ဟူ၍ဖြစ်သည်၊ လွတ်မြောက်ရေးအတွက်တိုက်ပွဲဝင်ခဲ့ကြသောအခြားသူများကဲ့သို့ပင်ဂျက်ဖာဆန်သည် လွတ်မြောက်ရေးဆိုသောအရာသည်တန်ဘိုးရှိပြီးရှားပါးပစ္စည်းတခုဖြစ်ရုံမကကိုယ်ကျိုးအတွက်အာဏာရရန်ကြိုးစားနေသူများ၏ အမြဲတစေတိုက်ခိုက်ခြင်းကိုခံနေရသည်ဟုနားလည်ခံယူခဲ့ပြီး ဖြစ်သည်။



ဗမာနိုင်ငံသားများကဒေါ်အောင်ဆန်းစုကြည်အားဂန္ဒီ၊ နယ်လ်ဆင်မင်ဒဲလားတို့နှင့်အလားသဏ္ဌာန်တူသည်ဟု ခံယူထားပြီး ဖြစ်ပေသည်၊ဒေါ်စုကြည်အား ၁၉၄၅ ခုနှစ်တွင်မွေးဖွားခဲ့သည်၊ ၁၉၄၀ခုနှစ်ကျော်ကာလများကဗြိတိန်ထံမှလွတ်လပ်ရေးရရှိအောင် ဗမာပြည်အတွက်ဦးဆောင်တိုက်ပွဲဝင်ခဲ့သောဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သည်၊ ဗမာပြည်တွင်ကြီး ပြင်းခဲ့ပြီး နောက်ကမ္ဘာတဝှမ်းလှည့်လည်နေထိုင်ကာအလုပ်လုပ် နေယင်းက ၁၉၈၈တွင် အသက်အရွယ်အိုမင်းနေပြီဖြစ်သောမိခင်ကြီးအားပြုစုစောင့်ရှောက်နိုင်ရန် အလို့ငှာ တိုင်းပြည်သို့ပြန်လည်ရောက်ရှိလာခဲ့သည်။

ထိုအချိန်ကားဗမာပြည်တွင်ဗိုလ်ချုပ်ကြီးနေဝင်း၏ "ဆိုရှယ်လစ်" အစိုးရအားမကျေနပ်မှုများကတငွေ့ငွေ့ဖြင့်အတွင်းကျိတ် လောင်မြိုက်လျက်ရှိနေချိန်လည်းဖြစ်သည်၊ ၁၉၈၈စစ်တပ်ကအာဏာသိမ်းခဲ့သည့်အချိန်တွင်ဗမာပြည်၏မွေးကင်းစဒီမိုကရေစီလှုပ်ရှားမှုအားအတင်းအ ကျပ်ဖိနှိပ်ခဲ့ကြပြီး၊ ထောက်ခံသူထောင်ပေါင်းများစွာကိုသတ်ဖြတ်ပစ်ခဲ့ကြသည်ကိုသူမမျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပေသည်၊ထိုအချိန်ကစစ်ဗိုလ်ချုပ်များကတိုင်းပြည် အမည်ကိုမည်သည့်ဥပဒေပြုအဖွဲ့အစည်း၏အတည်ပြုချက်မရှိပါပဲနှင့်မြန်မာဟုပြောင်းလဲခေါ်ဝေါ်ခဲ့ကြသော်လည်းအမေရိကန်ကအသိအမှတ်ပြုခဲ့ခြင်းမရှိပေ၊ စုကြည်အဖို့ကား အနှောက်အယှက် ဖြစ်ခဲ့ခြင်းမရှိပဲ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ခေါင်းဆောင်အဖြစ်လွှတ် မြောက်ရေးလှုပ်ရှားမှုကြီးအား ဆက်လက်စည်းရုံးလှုံ့ဆော်ခဲ့ပေသည်။

၁၉၈၉ တွင်သေနတ်ဖြင့်ချိန်ခြင်းခံရရုံမျှမက၊အကျယ်ချုပ်ဖြင့် အကျဉ်းချထားခြင်း ခံခဲ့ရသော်ငြားလည်း၊ ၁၉၉၀ တွင် ကျင်းပခဲ့သည့်အမျိုးသားဥပဒေပြုရွေးကောက်ပွဲတွင်၈၀ရာနှုန်းကျော်လူထုမဲဆန္ဒဖြင့် အပြတ်အသတ်အနိုင်ရရှိခဲ့ပေသည်၊ စစ်အစိုး ရမှ ချက်ခြင်းဆိုသလိုရွေးကောက်ပွဲရလာဒ်ကိုပယ်ဖျက်ပြစ်ခဲ့ပြီး၊ စုကြည်အား အကျယ်ချုပ်ဖြင့်ဆက်လက်ထားရှိခဲ့သည်၊ ယခုအခါတွင် သူမနှင့်အတူ လှုပ်ရှားခဲ့ကြသော ဒီမိုကရေစီ အရေးလိုလားသည့် ခေါင်းဆောင် အများအပြားလည်းသူမလိုပင် အထိမ်းသိမ်းခံနေကြရပြီဖြစ်သည်၊ သူမအား တယ်လီဖုန်း၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့်သတင်းစာများကိုပင်ဖတ်ရှုနားထောင်ခွင့် မပြုခဲ့သည့်တားမြစ်ထားမှုများကိုအရေးမထားကျော်လွှားကာသူမ၏မွေးရပ်မြေတွင်ဒီမိုကရေစီရရှိရန်ဆက်လက်ထောက်ခံဆောင်ရွက်ခဲ့သည့်အရေးအတွက် ၁၉၉၁တွင်သူမအား နိုဘဲလ်ငြိမ်းချမ်းရေးဆုချီးမြှင့်ခံခဲ့ရပေသည်။

၁၉၉၅ ဂျူလိုင်လအထိအကျယ်ချုပ်ဖြင့်ဆက်လက်ရှိနေခဲ့ပြီး၊ တဖန် ၂၀၀၀ ခုနှစ်စက်တင်ဘာမှ ၂၀၀၂ မေလအထိတကြိမ်၊ နောက်ဆုံး သူမစီးနင်းလိုက်ပါလာသောယာဉ်တန်းကိုအစိုးရမှတိုက်ခိုက်ခံခဲ့ရသည့် ၂၀၀၃ မေလမှယနေ့အထိပင် ဖြစ်ပေသည်၊ စစ်အစိုးရမှ သူမအားအကန့်အသတ်မရှိဖမ်းဆီးထားမှုကို ၂၀၀၅ ဒီဇင်ဘာလအထိ တိုးမြှင့်ထားခဲ့ပြီးဖြစ်သည်။

ထိုကာလများအတွင်းတွင်မတော့ဗမာပြည်၏အာဏာရစစ်ဗိုလ်ချုပ်ကြီးများကားတိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း အရေးကိုကြိုးကြပ်ဆောင်ရွက်လျက်ရှိနေခဲ့ကြသည်၊ ဖေဖေါ်ဝါရီလအတွင်းကကမ္ဘာ့ရေးရာအမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးပေါလာဒိုဘရီယန်စကီးမှဗမာပြည်၏လူ့အခွင့်အရေးအခြေအနေနှင့် စပ်လျှင်း၍ ယခုလို အကျဉ်းချုပ်ဖေါ်ပြခဲ့သည်၊ "လုံခြုံရေးတပ်ဖွဲ့များက နိုင်ငံရေး အကျဉ်းသားများ အားညှင်းပန်းနှိပ်စက်နေခြင်း၊ မုဒိန်းမှုများကို ကျူးလွန်နေကြ ခြင်းနှင့် ဥပဒေအပြင်ဖက်မှသတ်ဖြတ်မှုများကိုဆက်လက်ပြု လုပ်လျက်ရှိနေသည်၊စစ်အစိုးရမှ၄င်းနိုင်ငံသားများ၏ဆက် သွယ်ရေးလမ်းကြောင်းများကို စောင့်ကြည့်လျက်ရှိနေပြီး၊ အိမ်များကိုလည်း ဝါးရမ်းမရှိပဲ ရှာဖွေခြင်းများ ပြုလုပ်လျက်ရှိသည်၊ ထို့အပြင်လူနည်းစုတိုင်းရင်းသားများနေထိုင်သည့်နေရာ ဒေသများအားလည်းအတင်းအကျပ်ရွှေ့ပြောင်းခြင်းများပြုလုပ်နေကြခြင်း၊ မြေယာနှင့် ဥစ္စာပစ္စည်းများအားသိမ်းယူခြင်း၊လုပ်အားအတင်းအကျပ်ရယူခြင်းတို့နှင့်ကလေးသူငယ်များအားစစ်သားအဖြစ် စုဆောင်းခြင်းများကို ပြုလုပ်လျက် ရှိနေကြသည်"၊ ၁၉၉၆ မှစ၍ ကျေးရွာပေါင်း ၂၇၀၀ ကျော်အားဖျက်စီးပြစ်ခဲ့ကြပြီး၊ ကလေး ၇၀၀၀၀ကျော်အားစစ်သားအဖြစ်စုဆောင်းခဲ့ကြပြီးလည်း ဖြစ်သည်။

ယနေ့တွင်အစိုးရမှနိုင်ငံရေးအကျဉ်းသား၁၀၀၀ကိုဖမ်းဆီးထားပြီး၊ ယင်းတို့အထဲမှ၄၃ယောက်အား၂၀၀၄တွင်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်၊ မြေဆီမြေနှစ်များ အလွန်တရာကောင်း မွန်ကြွယ်ဝပြီး၊ ကမ်းလွန်ရေနံနှင့် သဘာဝဓါတ်ငွေ့များသိသိသာသာပေါများကြွယ်ဝမှုများရှိနေသော်လည်းအစိုးရ၏စီးပွားရေးစီမံခန့်ခွဲမှုမှားယွင်းညံ့ဖျင်းခဲ့မှုများကြောင့်တိုင်းပြည်အနေဖြင့်ဆင်းရဲတွင်းဆီသို့ ဦးတည်ခဲ့ရပေသည်၊ အမေရိကန်အစိုးရ၏ခန့်မှန်းချက်အရဆိုပါမူ၂၀၀၄ အတွက် ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှုန်းမှာ (၁.၃) ရာနှုန်းရှိခဲ့သည်၊ ထောက်ပံ့ရေးပစ္စည်းများပြတ်လတ်နေမှုများမှာလည်းနေရာတကာလိုပင်တွေ့မြင်နေရသည်၊ ၂၀၀၃ ခုနှစ်တွင်ဘဏ်လုပ်ငန်းများ အကြပ်အတည်းကြုံခဲ့ရပြီးနောက်ဘဏ် အများစုမှာလုပ်ငန်းရပ်ဆိုင်းခြင်းခံခဲ့ရသဖြင့်ပုဂ္ဂလိကလုပ်ငန်းများအတွက် ချေးငွေရရှိမှုအခက်အခဲများနှင့်ရင်ဆိုင်ခဲ့ရပေသည်၊ ၂၀၀၂ ခုနှစ်ကုလသမဂ္ဂအစီရင်ခံစာအရပျမ်းမျှအိမ်ထောင်စုတစုသည်ဝင်ငွေ၏၇၀ရာနှုန်းအားအစားအသောက်အတွက် သုံးစွဲခဲ့ရပြီး၊ တိုင်းပြည်စုစုပေါင်း လူဦးရေ၏ ၇၀ ရာနှုန်းမှာဆင်းရဲမှုအဆင့်အောက်တွင်ရှိနေသည်ဟုဆိုပါသည်။

ဗမာပြည်သည်ဟီးရိုးအင်းနှင့် ဘိန်းထုတ်လုပ်မှုတို့တွင်ကမ္ဘာတွင် ဒုတိယအမြင့်မားဆုံးဖြစ်ပြီး၊ အိမ်နီးချင်းနိုင်ငံများသို့ HIV ရောဂါပိုးများအားယင်းတရားမဝင်ပို့ကုန်များမှတဆင့်ပြန့်နှံ့အောင် ပြုလုပ်လျက် ရှိနေပေသည်။ စစ်အစိုးရမှ နယ်ခြားဒေသများတွင် နေထိုင်လျက်ရှိသောလူနည်းစုတိုင်းရင်းသားများအပေါ် စစ်ပွဲဆင်နွှဲလျက်ရှိနေပြီး၊ လေ့လာသူများ၏ခန့်မှန်းချက်အရ ၄င်းဒေသများတွင်တနှစ်လျှင်လူတသောင်းနီးပါးမျှသေကြေလျက်ရှိနေပြီး၊မကြာမီနှစ်များအတွင်းကဒုက္ခသည်ရသိန်းနီးပါးမျှတိုင်းပြည်မှထွက်ပြေးခဲ့ကြရသည်ဟုသိရသည်။

အာဏာရှင်များအဖို့ကားအာဏာကိုဆက်လက်ဆုပ်ကိုင်ထားခြင်းမှတပါး အခြားမည်သည့်အရာကိုမျှအောင်မြင်အောင်

REBOUND 88 COMMENTARY

စွမ်းဆောင်နိုင်ခဲ့ခြင်း ရှိပုံမရပေ၊ ၎င်းတို့၏ ၁၅ နှစ်တာ အုပ်ချုပ်မှုမှာလည်း ထိတ်လန့်ဘွယ်ကောင်းလှသည့် မှားယွင်းသော အတွေးအခေါ်အယူအဆများ နှင့် အတွင်းတွင် ဆန့်ကျင်ကွဲလွဲနေမှုများဖြင့်ပြေ့နှက်လျက် ရှိနေခဲ့ရသည်၊ ၁၉၉၀ တွင် ဗိုလ်ချုပ်ကြီးများက လွတ်လပ်သော ရွေးကောက်ပွဲကို အနိုင်ရရှိနိုင်မည့် လုံလောက်သောထောက်ခံမှုများ ရနိုင်မည်ဟု ရူးသွတ်စွာ ယုံကြည်ခဲ့ကြသည်၊ ၎င်းတို့၏ ရှုံးနိမ့်မှုများအတွက်လူသိရှင်ကြားအရှက်တကွဲဖြစ်ခဲ့ကြရသည့်အပြင်၊ စစ်တပ်မှအတော် များများက စုကြည်နှင့် သူမ၏ NLD ပါတီကိုမဲပေးခဲ့ကြပေ သည်။

ဆက်လက်ပြီးစစ်အစိုးရမှအံ့အားတသင့် အငိုက်မိခံခဲ့ရပြန် သည်၊ ၂၀၀၂ ခုနှစ် စုကြည်အား ပြန်လည်လွှတ်ပေးခဲ့သည့် အခါ သူမမှ များပြားလှသောလူထုကြီးအား ဆွဲဆောင်နိုင်ခဲ့ ကြောင်းတွေ့ရပြန်သဖြင့် သူမအားနောက်တကြိမ်ပြန်လည်ဖမ်းဆီးရန် မဖြစ်မနေလို အပ်ကြောင်း သိမြင်လာခဲ့ကြကာ အကျဉ်းချခဲ့ကြပြန်သည်၊ ၂၀၀၄ ခုနှစ်တွင် ဝန်ကြီးချုပ်ဖြစ်သူ ခင်ညွန့်မှ NLD နှင့် ဆွေးနွေးရန် အကြောင်းအား ယေဘုယျ ပြောကြားခဲ့သော်လည်း စစ်တပ်မှ ၎င်းအားအလျင်အမြန် ပင် ရာထူးမှ ဖယ်ရှားခဲ့ပြန်သည်၊ ယင်း စေ့စပ်ဆွေးနွေးမှုများကိုအထောက်အကူဖြစ်စေရန် စေလွှတ်ထားခဲ့သောကုလသမဂ္ဂအထူးသံတမာန်ကိုပင် ပြည်ဝင်ခွင့် မပေးခဲ့ချေ။

၂၀၀၃ ခုနှစ်တွင်အိမ်နီးချင်းအရှေ့တောင်အာရှနိုင်ငံများမှ ဝေဖန်ပြောကြားမှုများနှင့် ဂျပန်၏ပထမဆုံးအကြိမ်စီးပွားရေး အရာကျခတ်မှုများအပါအဝင်အပြည်ပြည်ဆိုင်ရာ၏ဖိအားပေးမှုများကြောင့်စစ်အစိုးရမှအချက် ၇ ချက်ပါဒီမိုကရေစီလမ်းပြမြေပုံကိုထုတ်ပြန်ခဲ့သည်၊ တကယ်တမ်းတွင်၎င်း “လမ်းပြမြေပုံ”သည်စစ်အစိုးရ၏ထုံးစံလိမ်လည်မှုတခုသာ ဖြစ်ပြီး၊ ၎င်းတို့နှင့်ပါတ်သက်သည့်ခါးသီးလှသောအမှန်တရားကို တရုတ်နှင့်ရုရှားတို့ကဲ့သို့သောနိုင်ငံများမှဆက်လက်ပြီးလျစ်လျူရှုနိုင်စေရန်ရည်ရွယ်တွက်ချက်ပြီး ပြုလုပ်ထားသည့် ဆင်ခြေတခုထက် မပိုခဲ့ပေ။

မကြာသေးမီကမှဗိုလ်ချုပ်များကယင်းတို့အဖို့အာဏာကို ပြုတ်တူကဲ့သို့ ကိုင်စွဲထားနိုင်စေရန်အခိုင်အမာပြုလုပ်ပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တခုရေးဆွဲပြီးခဲ့ကြပြီဖြစ်သည်၊ ယင်းဥပဒေတွင်အမျိုးသားအဆင့်နှင့်ဒေသဆိုင်ရာအဆင့် လွှတ်တော်များတွင် စစ်တပ်အတွက် နေရာအတော်များများ ကို ချန်ထားခဲ့ကြပြီးဖြစ်သည့်အပြင်ဒေါ်စုကြည်အားလည်း သမတဖြစ်လာမည့်အရေးမှ တားမြစ်ထားပြီးလည်းဖြစ်သည်၊ NLD အပါအဝင်မည်သည့်အတိုက်အခံပါတီများ၏အကြံပြုချက်များမပါဝင်ပဲဥပဒေတခုလုံးကိုရေးဆွဲခဲ့ကြပေသည်၊ စစ်အစိုးရမှ ၎င်းပါတီများနှင့်ဆွေးနွေးရန်ငြင်းပါယ်ခဲ့ပြီးဖြစ်သည်၊ လူနည်းစု တိုင်းရင်းသား ၁၇ အုပ်စုနှင့်အဆင်မပြေလှသော အပြစ်အခတ်ရပ်စဲရေးကိုစီစဉ်ခဲ့ကြပြီးနောက်၎င်းတို့၏ခေါင်းဆောင်အတော်များများကို စစ်အစိုးရမှ ဖမ်းဆီးခဲ့ကြသည်၊ လွန်ခဲ့သော၁၅နှစ်တာကာလတလျောက်လုံးသဘာဝဓါတ်ငွေ့များ ပြည်ပသို့တင်ပို့မှုမှရသည့်ဝင်ငွေကျေးဇူးကြောင့်စစ်တပ်အင်အားကိုနှစ်ဆကျော်တိုးမြှင့်နိုင်ခဲ့ပြီးနောက်ဆုံးပေါ်လက်နက်များကို လက်ဝယ်ပိုင်ဆိုင်လာနိုင်ခဲ့ကြပြီးဖြစ်သည်၊စစ်တပ်အတွက် ဘတ်ဂျက်၏၂၉ရာနှုန်းသုံးစွဲခဲ့ပြီး၊ကျန်းမာရေးအတွက်၃ ရာနှုန်းနှင့်ပညာရေးအတွက်၈ရာနှုန်း သုံးစွဲခဲ့သည်ဟုသိရသည်၊ ထိုအတောအတွင်းလူနည်းစုတိုင်းရင်းသားအုပ်စုများ အနေဖြင့် အစိုးရ၏တိုက်ခိုက်မှုများမှကာကွယ်နိုင်ရန် ၎င်းတို့အတွက်လက်နက်တပ်ဆင်နိုင်ဘို့အခက်အခဲများတွေ့နေရသည်ဗမာပြည်မှ အိမ်နီးချင်းထိုင်းနှင့် အိန္ဒိယတို့နှင့်ဆက်ဆံရေးကောင်းမွန်လာမှုကြောင့်ယခင်ကကဲ့သို့၎င်းနိုင်ငံများမှ ထောက်ပံ့နေမှုများဖြတ်တောက်ခံခဲ့ကြရသည်။

မြန်မာပြည်တွင်း၌လွတ်လပ်မှုများနင်းချေဖျက်ဆီးခံနေကြရသည့်အရေးအားနိုင်ငံတကာအသိုက်အဝန်းမှမည်ကဲ့သို့ တုံ့ပြန်ကြမည်နည်း။

အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံမှနောက်ဆုံး တွင် ၎င်းတို့၏ စစ်အစိုးရနှင့် “ထိတွေ့ဆက်ဆံနေမှုများ”ကို အနည်းငယ် ပြောင်းလဲလာနေပုံရသည်၊ ၎င်းတို့မှဗမာပြည်၏ စွမ်းအင်ကဏ္ဍတွင်နှစ်ပေါင်းများစွာရင်းနှီးမြှုပ်နှံခဲ့ကြပြီး ကုန်သွယ်ရေးနှင့်ယဉ်ကျေးမှုဖလှယ်ရေးများအပါအဝင်ပုံမှန်သံတမာန်ဆက်ဆံရေးများကိုထိန်းသိမ်းခဲ့ကြသည်၊ ၁၅ နှစ်တာကာလတလျောက်လုံးမည်သည့်တိုးတက်မှုမှမရှိခဲ့သည့်အတွက် အာဆီယံမှစတင်ပြီးခပ်ရှုံ့ရှုံ့ဖြင့်ဝေဖန်ပြောကြားလာခဲ့ကြပြီး ပြီးခဲ့သည့်နွေဦးတွင်ဗမာပြည်အား၂၀၀၆တွင်အာဆီယံဥက္ကဌတာဝန်ယူရမည့်အလှည့်ကိုစွန့်လွှတ်ရန်ဖျောင်းဖျခဲ့ကြပေသည်။

တရုတ်နှင့် ပြုလုပ်နေသောစီးပွားရေးလုပ်ငန်းများမှာပုံမှန် အတိုင်းဆက်လက်ရှိနေခဲ့ကာ၊ တရုတ်မှ ရေနံ၊ ဓါတ်ငွေ့နှင့် အခြားထွက်ကုန်များကိုဝယ်ယူလျက်ရှိနေပြီး၊ အိန္ဒိယသမုဒ္ဒယတွင်စစ်အခြေစိုက်စခန်းတခုဖွင့်နိုင်ရန်နေရာတနေရာရရှိခဲ့ကြသည်။

အမေရိကန်မှဗမာပြည်လွတ်မြောက်ရေးနှင့်ဒီမိုကရေစီအက်ဥပဒေကို ၂၀၀၃ခုနှစ်တွင်ပြဋ္ဌာန်းခဲ့ပြီးဗမာပြည်မှသွင်းကုန်များအားလုံးကိုပိတ်ပင်ခြင်း၊ ဘဏ္ဍာရေးလုပ်ငန်းများဆက်သွယ်ဆောင်ရွက်မှုကို တားမြစ်ခြင်း၊ ပိုင်ဆိုင်မှုအရင်းအနှီး များကိုထိန်းချုပ်ထားခြင်းတို့အပြင်စစ်အစိုးရနှင့်၄င်းတို့၏အဖွဲ့အစည်းတခုဖြစ်သောအမျိုးသားကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များအပေါ် ဗီဇာကန့်သတ်မှုများ ပြုလုပ်ခဲ့သည်။

တိုင်းပြည်အတွင်းဒီမိုကရေစီအပြောင်းအလဲများဖြစ်ပေါ်စေရေးအတွက်နိုင်ငံစုံမှပါဝင်ဆောင်ရွက်ရေးကိုတောင်းဆိုထားသည့် စာမျက်နှာ ၁၇၀ရှိ အစီရင်ခံစာကို ကုလသမဂ္ဂမှတင်သွင်းခဲ့ပြီးဖြစ်သည်၊ ဂျွန်လကအမေရိကန်မှလုံခြုံရေးကောင်စီတွင်ဗမာပြည်အရေးအားတင်ပြရန်ကြိုးပမ်းခဲ့သော်လည်းတရုတ်နှင့်ရုရှားတို့မှဗီတိုအာဏာသုံး၍ပယ်ချခဲ့ကြသည်၊ အောက်တိုဘာလထဲတွင်နောက်တကြိမ်အမေရိကန်မှကြိုးစားဦးမည်ဖြစ်သော်လည်းရုရှားနှင့်တရုတ်တို့ဗီတိုသုံးဦးမည့်အရေး ရင်ဆိုင်ရဖွယ်ရှိနေပြန်သည်။

လွတ်လပ်ရေးနှင့်လူ့အခွင့်အရေးကိစ္စများတွင်စိတ်ဝင်စားမှုမရှိသောနိုင်ငံများ၏နောက်ယှက်ဟန့်တားနေမှုများကြောင့်ကုလသမဂ္ဂတွင်ဗမာပြည်အရေးလိပ်ခဲတည်းလည်းဖြစ်နေမှုကိုတွေ့ရှိနေရသောကြောင့်စုကြည်နှင့်သူမကိုထောက်ခံနေသူများအနေဖြင့်မိမိတို့၏လွတ်မြောက်ရေးအတွက်မိမိတို့ဘာသာ တိုက်ပွဲဝင်ကြရမည့်အသွင် ရှိပေသည်၊ မဖြစ်နိုင် မှုဘက်မှအလွန်တရာအရေးသာနေသော်ငြား၊ လုံလောက်သောအရေအတွက်ကလွတ်မြောက်ရေးအတွက်မိမိတို့၏အသက်ကိုစွန့်လွှတ်စွန့်စားလိုစိတ်ရှိကအလွန်တရာအံ့အားသင့်စရာများဖြစ်လာနိုင်စရာရှိနေပေသည်၊ ၁၇၇၆ ကို သတိရကြစေလိုပါသည်။

---

ကျွန်တော်တို့ Rebound88 အဖွဲ့
အနေဖြင့်မြန်မာနိုင်ငံဆိုင်ရာသတင်း
များကိုစာရှုသူထံအချိန်မြန်နိုင်သမျှမြန်မြန်ရောက်ရှိရန်
ကြိုးစားလျက်ရှိပါသည်။
ဤစာမျက်နှာများကိုဖတ်ရှု၍ကောင်းနိုင်သမျှကောင်းအောင်
လည်းအစဉ်ကြိုးစားလျက်ရှိပါသည်။
ဖေါ်ပြီးသမျှသတင်းများကိုရှာဖွေဖတ်ရှုနိုင်ရန်
သတင်း Archive နှင့် Search Function တို့ကို
အသုံးပြုနိုင်ကြပါသည်။

စာရှုသူတို့ထံမှအကြံဉာဏ်များပေးရန်ရှိပါက

**newrebound@yahoo.com**

သို့ပေးပို့နိုင်ကြပါသည်။